စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

# အလားအလာကောင်းသော မိုးရေသောက်လယ်စပါးမျိုးများ အတွက်ယှဉ်ပြိုင်ခြင်း စမ်းသပ်ကွက်




ဦးကျော်လင်းမောင်
လက်ထောက်ဦးစီးမှူး
စိုက်ပျိုးရေးဦးစီးဌာန၊ မြောင်းမြမြို့

# အလားအလာကောင်းသော လယ်စပါးမျိုးများ အထွက်ယှဉ်ပြိုင်ခြင်းကိုမှတ်တမ်းကောက်ယူလေ့လာခြင်း

## စာတမ်းအကျဉ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အပြင် ဆန်စားသုံးမှုမှာလည်း အဓိကဖြစ်သည်။ ထိုမှသာမက စပါးသီးနှံသည် ကမ္ဘာ့လူဦးရေတစ်ဝက်ကျော်အတွက် အဓိကသီးနှံလည်းဖြစ်သည်။ စပါးသီးနှံ၏ (၉၀)ရာခိုင်နှုန်းကို အာရှတိုက်သားများစားသုံးကြသည်။ မိုးရာသီ တွင် စပါး(၁၇)သန်း စိုက်ပျိုးသည့်အနက် (၈၀)ရာခိုင်နှုန်းမှာ မိုးရေသောက် စပါးဖြစ်သည်။ စိုက်ပျိုးထားသော မိုးရေသောက်လယ်စပါးမျိုးများ စမ်းသပ်ကွက်များ၏ အထွက်ယှဉ်ပြိုင်မှုများကို ကောက်ယူရရှိထားသော မှတ်တမ်း များအရ မိုးရေသောက်လယ်စပါးမျိုးများ အထွက်ယှဉ်ပြိုင်ကွက် (၁၂) မျိုးစလုံး အထွက်နှုန်းများ သည် စံထားမျိုးထက် သိသာစွာ ကွာခြားမှု ရှိသည်ကိုတွေ့ရှိရပါသည်။

**နိဒါန်း**

လူတို့သည် ဆန်စပါးကို (၂၅၀၀)ဘီစီကပင် စတင်စားသုံးခဲ့ပါသည်။ ကမ္ဘာပေါ်ရှိ လူဦးရေ သုံးပုံ တစ်ပုံခန့်သည် ဆန်စပါးကို အဓိကစားသုံးပါသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ် စပါးစိုက်ပျိုးနိုင်သောမြေသည် (၁၁) ရာခိုင်နှုန်းရှိပါသည်။ (Rah manel, AL2009)

စပါးသည် မြန်မာနိုင်ငံတွင် အဓိကစိုက်ပျိုးသောသီးနှံဖြစ်ပြီး ဆန်စားသုံးမှုမှာလည်း အဓိကဖြစ်သည်။ မိုးရာသီတွင် စပါး (၁၇)သန်းစိုက်ပျိုးသည့်အနက် (၈၀)ရာခိုင်နှုန်းမှာ မိုးရေသောက်စပါးဖြစ်သည်။

စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့၍မရနိုင်သဖြင့် လက်ရှိစိုက်ပျိုးနိုင်သောမြေများ မှ တစ်ဧကအထွက်တိုးရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ (DAR 2016 MYANMAR AGRICULTURAL RESEARCH JOURNAL)

**ရည်ရွယ်ချက်**

မိုးရေသောက်ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးသစ်များရရှိရန်။

**လုပ်ကိုင်ဆောင်ရွက်နည်း**

မြောင်းမြမြို့နယ်၌ ၂၀၂၁ (မိုးရာသီ)တွင် စမ်းသပ်ကွက် စိုက်ပျိုးခဲ့ပါသည်။

**<u>မိုးရေသောက်စမ်းသပ်ကွက်များမှာ</u>**

အလားအလာကောင်းသော မိုးရေသောက်လယ်စပါးမျိုးများ အထွက်ယှဉ်ပြိုင်ခြင်း

**စမ်းသပ်ကွက်အမည် -** အလားအလာကောင်းသော မိုးရေသောက်လယ်စပါးမျိုးများ အထွက် ယှဉ်ပြိုင်ခြင်း။

# ဆောင်ရွက်သည့်နည်းလမ်းများ

| | | |
|---|---|---|
| စမ်းသပ်သည့်ရာသီ | - | ၂၀၂၁ ခုနှစ် (မိုးရာသီ) |
| စမ်းသပ်သည့်ဒေသ | - | မြောင်းမြမြို့နယ် |
| ရည်ရွယ်ချက် | - | မိုးရေသောက်ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းစပါးမျိုးသစ်များ ရွေးချယ်ရန်။ |
| စမ်းသပ်ကွက်ပုံစံ | - | ၁၂ မျိုး x ၁ လီ |

၁။ TP 30754
၂။ TP 21654
၃။ YKQR 01
၄။ Ko My Pearl
၅။ GW-11
၆။ YQR-11
၇။ LPD-106-B-101-2-1-1-1
၈။ LPD-206-B-64-B-3-1-1-1
၉။ ဒဂုံသွယ်
၁၀။ ပြည်တော်ရင်
၁၁။ ရတနာတိုး
၁၂။ ဆင်းသုခ(CK)

| | | |
|---|---|---|
| စိုက်တန်းအရှည် | - | ၁၀ မီတာ |
| တန်းကြားအကွာအဝေး | - | ၆ x ၈ |
| ပင်ကြားအကွာအဝေး | - | ၆ x ၈ |
| မြေသြဇာထည့်သွင်းခြင်း | - | ယူရီးယား 40 Lb/ac (ပင်လှန်), 30 Lb/ac (ပင်ပွား), 30 Lb/ac (မှိုကပ်) |
| | - | တီစူပါ 50 Lb/ac (မြေခံ) |
| | - | ပိုတက်ရှ် 14 Lb/ac (မြေခံ), 14 Lb/ac (မှိုကပ်) |
| | - | ကျောက်မှုန့် 54 Lb/ac (ပင်လှန်) |
| ပိုးသတ်ဆေးသုံးစွဲမှု | - | chlopyrifos + cypermethrin 250 cc/ac (၂ ကြိမ်) |
| မှိုသတ်ဆေးသုံးစွဲမှု | - | Azoxystrobin + Difenconizole 50 cc/ac (၂ ကြိမ်) |

# ၂၀၂၁ ခုနှစ်မိုးစပါးရာသီအလားအလာကောင်းသော စပါးမျိုးသစ်မျိုးသစ်များ ယှဉ်ပြိုင်စမ်းသပ်ခြင်း စမ်းသပ်ကွက်ဆောင်ရွက်ထားရှိမှု

## မြောင်းမြမြို့နယ်

| စဉ် | အကြောင်းအရာ | မျိုးအမည် | | | | | |
|---|---|---|---|---|---|---|---|
| | | ဆင်းသုခ | TP.21654 | YKQR.01 | Komypearl | GW.11 | YQR.11 |
| ၁။ | စမ်းသပ်မည့်ဒေသ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၂။ | ကျေးရွာအုပ်စုအမည် | ကျုံဝါး | ကျုံဝါး | ကျုံဝါး | ကျုံဝါး | ကျုံဝါး | ကျုံဝါး |
| ၃။ | တောင်သူအမည် | ဦးသိန်းဆိုင်ထွန်း | ဦးသိန်းဆိုင်ထွန်း | ဦးသိန်းဆိုင်ထွန်း | ဦးသိန်းဆိုင်ထွန်း | ဦးသိန်းဆိုင်ထွန်း | ဦးသိန်းဆိုင်ထွန်း |
| ၄။ | ကွင်းအမှတ် | ၂၁၈/၁၅၃၆ | ၂၁၈/၁၅၃၆ | ၂၁၈/၁၅၃၆ | ၂၁၈/၁၅၃၆ | ၂၁၈/၁၅၃၆ | ၂၁၈/၁၅၃၆ |
| ၅။ | ဦးပိုင်အမှတ် | ၁၂/၄ | ၁၂/၄ | ၁၂/၄ | ၁၂/၄ | ၁၂/၄ | ၁၂/၄ |
| ၆။ | စမ်းသပ်ကွက်ပုံစံ | ၁၂မျိုး | ၁၂မျိုး | ၁၂မျိုး | ၁၂မျိုး | ၁၂မျိုး | ၁၂မျိုး |
| ၇။ | ပျိုးထောင်ရက် | ၁၅.၇.၂၀၂၁ | ၁၅.၇.၂၀၂၁ | ၇.၇.၂၀၂၁ | ၁၅.၇.၂၀၂၁ | ၇.၇.၂၀၂၁ | ၇.၇.၂၀၂၁ |
| ၈။ | စိုက်ပျိုးရက် | ၂၈.၇.၂၀၂၁ | ၂၈.၇.၂၀၂၁ | ၂၂.၇.၂၀၂၁ | ၂၈.၇.၂၀၂၁ | ၂၂.၇.၂၀၂၁ | ၂၂.၇.၂၀၂၁ |
| ၉။ | စိုက်တန်းအရေအတွက် | ၁၀တန်း | ၁၀တန်း | ၁၀တန်း | ၁၀တန်း | ၁၀တန်း | ၁၀တန်း |
| ၁၀။ | စိုက်တန်းအရှည် | ၁၀မီတာ(၃၃)ပေ | ၁၀မီတာ(၃၃)ပေ | ၁၀မီတာ(၃၃)ပေ | ၁၀မီတာ(၃၃)ပေ | ၁၀မီတာ(၃၃)ပေ | ၁၀မီတာ(၃၃)ပေ |
| ၁၁။ | ပင်ကြား/တန်းကြား | ၆"x၈" | ၆"x၈" | ၆"x၈" | ၆"x၈" | ၆"x၈" | ၆"x၈" |
| ၁၂။ | ၅၀%ပန်းပွင့်ရက် | ၈၅ | ၈၄ | ၉၀ | ၇၈ | ၉၀ | ၉၃ |
| ၁၃။ | အသက်ရက် | ၁၃၅ | ၁၁၄ | ၁၂၀ | ၁၀၈ | ၁၂၀ | ၁၂၃ |
| ၁၄။ | တစ်ရုံပါပင်ပွား | ၁၁ပင် | ၉.၂ပင် | ၈ပင် | ၇.၂၅ပင် | ၉.၂၅ပင် | ၈ပင် |
| ၁၅။ | အပင်အမြင့် | ၁၃၇cm | ၁၁၅cm | ၁၁၇cm | ၉၃.၈၃cm | ၉၂.၂၀cm | ၁၁၅.၆၇cm |
| ၁၆။ | နှံစအရှည် | ၂၄cm | ၂၄cm | ၂၄.၀၄cm | ၂၀.၆၄cm | ၂၆.၅cm | ၂၄.၁၈cm |
| ၁၇။ | တစ်နှံပါအောင်စေ့ | ၉၈.၅ | ၁၂၅.၅ | ၇၅.၃ | ၇၀.၅ | ၁၇၅ | ၁၁၀ |

# ၂၀၂၁ ခုနှစ်မိုးစပါးရာသီ အလားအလာကောင်းသောစပါးမျိုးသစ်မျိုးသစ်များ ယှဉ်ပြိုင်စမ်းသပ်ခြင်း စမ်းသပ်ကွက်ဆောင်ရွက်ထားရှိမှု

မြောင်းမြမြို့နယ်

| စဉ် | အကြောင်းအရာ | မျိုးအမည် | | | | | |
|---|---|---|---|---|---|---|---|
| | | ဆင်းသုခ | TP.21654 | YKQR.01 | Komypearl | GW.11 | YQR.11 |
| ၁၈။ | တစ်နံ့ပါအဖျင်းစေ့ | ၂၀.၆ | ၂၁.၅ | ၂၅.၄ | ၄၂.၂ | ၁၉.၂ | ၂၃ |
| ၁၉။ | အစေ့(၁၀၀၀)အလေးချိန် | ၂၀.၆ | ၂၀.၆ | ၂၈ | ၂၇.၁ | ၂၄.၂ | ၂၇.၁ |
| ၂၀။ | အောင်စေ့% | ၈၂.၅ | ၈၀.၆၅ | ၇၉.၇၉ | ၇၆.၃၄ | ၉၀.၆၇ | ၈၅.၂၇ |
| ၂၁။ | အကွက်ငယ်အထွက်တင်း | ၆၇၅၃gm | ၆၄၆၈gm | ၅၈၇၅gm | ၄၃၁၈gm | ၆၆၅၈gm | ၅၁၃၇gm |
| ၂၂။ | တစ်ဧကအထွက်တင်း | ၁၂၈.၁၃ | ၁၁၈.၉ | ၁၁၀.၅ | ၉၅.၈ | ၁၄၆.၃ | ၉၉.၂ |

# ၂၀၂၁ ခုနှစ်မိုးစပါးရာသီ အလားအလာကောင်းသောစပါးမျိုးသစ်မျိုးသစ်များ ယှဉ်ပြိုင်စမ်းသပ်ခြင်း စမ်းသပ်ကွက်ဆောင်ရွက်ထားရှိမှု

မြောင်းမြမြို့နယ်

| စဉ် | အကြောင်းအရာ | မျိုးအမည် | | | | | |
|---|---|---|---|---|---|---|---|
| | | LPD-106-B-101-2-1-1-1 | LPD-206-B-64-B-3-1-1-1 | ဒဂုန်သွယ် | ပြည်တော်ရင် | ရတနာတိုး | TP-30754 |
| ၁။ | စမ်းသပ်မည့်ဒေသ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၂။ | ကျေးရွာအုပ်စုအမည် | ကျုံဝါး | ကျုံဝါး | ကျုံဝါး | ကျုံဝါး | ကျုံဝါး | ကျုံဝါး |
| ၃။ | တောင်သူအမည် | ဦးသိန်းဆိုင်ထွန်း | ဦးသိန်းဆိုင်ထွန်း | ဦးသိန်းဆိုင်ထွန်း | ဦးသိန်းဆိုင်ထွန်း | ဦးသိန်းဆိုင်ထွန်း | ဦးသိန်းဆိုင်ထွန်း |
| ၄။ | ကွင်းအမှတ် | ၂၁၈/၁၅၃၆ | ၂၁၈/၁၅၃၆ | ၂၁၈/၁၅၃၆ | ၂၁၈/၁၅၃၆ | ၂၁၈/၁၅၃၆ | ၂၁၈/၁၅၃၆ |
| ၅။ | ဦးပိုင်အမှတ် | ၁၂/၄ | ၁၂/၄ | ၁၂/၄ | ၁၂/၄ | ၁၂/၄ | ၁၂/၄ |
| ၆။ | စမ်းသပ်ကွက်ပုံစံ | ၁၂မျိုး | ၁၂မျိုး | ၁၂မျိုး | ၁၂မျိုး | ၁၂မျိုး | ၁၂မျိုး |
| ၇။ | ပျိုးထောင်ရက် | ၇.၇.၂၀၂၁ | ၂၅.၆.၂၀၂၁ | ၁၅.၇.၂၀၂၁ | ၇.၇.၂၀၂၁ | ၇.၇.၂၀၂၁ | ၂၅.၆.၂၀၂၁ |
| ၈။ | စိုက်ပျိုးရက် | ၂၂.၇.၂၀၂၁ | ၂၂.၇.၂၀၂၁ | ၂၈.၇.၂၀၂၁ | ၂၂.၇.၂၀၂၁ | ၂၂.၇.၂၀၂၁ | ၂၂.၇.၂၀၂၁ |
| ၉။ | စိုက်တန်းအရေအတွက် | ၁၀တန်း | ၁၀တန်း | ၁၀တန်း | ၁၀တန်း | ၁၀တန်း | ၁၀တန်း |
| ၁၀။ | စိုက်တန်းအရှည် | ၁၀မီတာ(၃၃)ပေ | ၁၀မီတာ(၃၃)ပေ | ၁၀မီတာ(၃၃)ပေ | ၁၀မီတာ(၃၃)ပေ | ၁၀မီတာ(၃၃)ပေ | ၁၀မီတာ(၃၃)ပေ |
| ၁၁။ | ပင်ကြား/တန်းကြား | ၆"x၈" | ၆"x၈" | ၆"x၈" | ၆"x၈" | ၆"x၈" | ၆"x၈" |
| ၁၂။ | ၅၀%ပန်းပွင့်ရက် | ၉၁ | ၁၀၅ | ၇၆ | ၉၃ | ၉၅ | ၁၀၅ |
| ၁၃။ | အသက်ရက် | ၁၂၁ | ၁၃၃ | ၁၀၆ | ၁၂၃ | ၁၂၅ | ၁၁၅ |
| ၁၄။ | တစ်ရုံပါပင်ပွား | ၇.၂ပင် | ၇.၄ပင် | ၈.၅ပင် | ၉.၇၅ပင် | ၁၀.၂ပင် | ၈.၂၅ပင် |
| ၁၅။ | အပင်အမြင့် | ၁၁၅.၂cm | ၁၁၇cm | ၁၁၂.cm၃ | ၁၂၅cm | ၁၁၀cm | ၁၁၅cm |
| ၁၆။ | နှံစအရှည် | ၂၅.၅cm | ၂၄.၃cm | ၂၁cm | ၂၃cm | ၂၂.၅cm | ၂၃.၅cm |

# ၂၀၂၁ ခုနှစ်မိုးစပါးရာသီ အလားအလာကောင်းသောစပါးမျိုးသစ်မျိုးသစ်များ ယှဉ်ပြိုင်စမ်းသပ်ခြင်း စမ်းသပ်ကွက်ဆောင်ရွက်ထားရှိမှု

မြောင်းမြမြို့နယ်

| စဉ် | အကြောင်းအရာ | မျိုးအမည် | | | | | |
|---|---|---|---|---|---|---|---|
| | | LPD-106-B-101-2-1-1-1 | LPD-206-B-64-B-3-1-1-1 | ဒဂုန်သွယ် | ပြည်တော်ရင် | ရတနာတိုး | TP-30754 |
| ၁၇။ | တစ်နှံပါအောင်စေ့ | ၇၉.၇၅ | ၁၁၃ | ၈၅.၅ | ၇၂.၃ | ၈၉.၂၅ | ၁၃၂.၅ |
| ၁၈။ | တစ်နှံပါအဖျင်းစေ့ | ၂၈.၅ | ၂၅.၈ | ၁၄.၂ | ၁၈.၆ | ၂၄.၅ | ၂၄.၂ |
| ၁၉။ | အစေ့(၁၀၀၀)အလေးချိန် | ၃၁.၂ | ၂၇.၁ | ၂၃.၆ | ၃၁.၂ | ၂၅ | ၂၇ |
| ၂၀။ | အောင်စေ့% | ၇၅.၄၇ | ၇၉.၀၂ | ၈၅.၁၄ | ၈၄.၇၀ | ၈၂.၄၀ | ၈၅.၈၀ |
| ၂၁။ | အကွက်ငယ်အထွက်တင်း | ၄၅၆၉gm | ၄၄၀၅gm | ၅၁၂၀gm | ၅၃၈၀gm | ၅၀၁၁gm | ၅၂၅၇gm |
| ၂၂။ | တစ်ဧကအထွက်တင်း | ၁၁၀.၅ | ၁၀၁.၆ | ၁၀၉.၄ | ၁၁၇.၂ | ၁၂၈.၅ | ၁၁၅.၈ |

# ၂၀၂၁ ခုနှစ်မိုးစပါးရာသီ အလားအလာကောင်းသော လယ်စပါးမျိုးသစ်များ ယှဉ်ပြိုင်စမ်းသပ်ခြင်း စမ်းသပ်ကွက်ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓါတ်ပုံများ












# ၂၀၂၁ ခုနှစ်မိုးစပါးရာသီ အလားအလာကောင်းသော လယ်စပါးမျိုးသစ်များ ယှဉ်ပြိုင်စမ်းသပ်ခြင်း စမ်းသပ်ကွက်ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓါတ်ပုံများ










# ၂၀၂၁ ခုနှစ်မိုးစပါးရာသီ အလားအလာကောင်းသော လယ်စပါးမျိုးသစ်များ ယှဉ်ပြိုင်စမ်းသပ်ခြင်း စမ်းသပ်ကွက်ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓါတ်ပုံများ












## ၂၀၂၂ခုနှစ် မိုးစပါးရာသီကာလအတွင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အလားအလာကောင်းသောစပါးမျိုးသစ်များ ယှဉ်ပြိုင်စမ်းသပ်ဆောင်ရွက်ထားရှိမှုအခြေအနေ

### တွေ့ရှိချက်

အနှံပါပင်ပွားအများဆုံးမျိုးမှာ ပြည်တော်ရင်မျိုးနှင့် အနှံအနည်းဆုံးမှာ Komypearl မျိုးဖြစ်သည်ကိုတွေ့ရှိရပါသည်။

တစ်နှံပါသီးလုံးနှင့်တစ်နှံပါအောင်စေ့မှာ GW-11 (၁၇၅/၁၉၃) ၊ TP-30754 (၉၉/၁၂၀)၊ TP-21654 (၁၂၅/၁၅၅) ၊ Komypearl (၇၁/၉၃) ၊ YKQR-01 (၇၅/၉၅) ၊ YQR-11 (၁၁၀/၁၂၉) ၊ $LPD_{106}$B-101-2-1-1-1 (၈၀/၁၀၆) ၊ $LPD_{206}$B-64-8-3-1-1-1 (၁၁၃/၁၄၃) ၊ ဒဂုန်သွယ်(၈၆/၁၀၁) ၊ ပြည်တော်ရင် (၇၂/၈၅) ၊ ရတနာတိုး (၈၉/၁၀၈)၊ဆင်းသုခ(၁၃၃/၁၅၅) ရှိကြောင်းတွေ့ရှိရပါသည်။

၎င်းမျိုးသစ်(၁၂)မျိုးအနက် GW-11 မှာအခြားမျိုးများထက် အထွက်နှုန်းအများဆုံး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စံထားမျိုး ဆင်းသုခသည် ဒုတိယအထွက်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

**သုံးသပ်ချက်**

အလားအလာကောင်းသောစပါး(၁၂)မျိုး ယှဉ်ပြိုင်စမ်းသပ်ရာတွင် အဆိုပါမျိုးများ၏ အသက်ကြွာသော်လည်း ပျိုးထောင်ချိန်ခွါထားသဖြင့် ပန်းပွင့်ရက်(၅၀%)နှင့် (၁၀၀%) ပန်းပွင့်စုံရက်တူညီကြောင်းကိုတွေ့ရှိရပါသည်။ GW-11 မျိုးမှာ(၁၄၆.၃)တင်း ထွက်ရှိပြီး ဆင်းသုခမှာ ၁၂၈.၁၃ တင်းထွက်ရှိ၍ အခြားမျိုးများထက် အထွက်နှုန်းများသည်ကို တွေ့ရှိရပါသည်။ မြောင်းမြမြို့နယ်အနေဖြင့် မိုးစပါးရာသီတွင် ဒေသရာသီဥတုနှင့် ကိုက်ညီသည့်အတွက် အထွက်နှုန်းများသည်ကိုဟုလည်း သုံးသပ်ရပါသည်။

## အကြံပြုချက်

မြောင်းမြမြို့နယ်အနေဖြင့် GW-11 နှင့် ဆင်းသုခ စပါးမျိုးများမှာ မိုးစပါးရာသီတွင်ရော မြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းလည်းကောင်းခြင်းကြောင့် မိုးစပါးရာသီတွင် စိုက်ပျိုးသင့်ကြောင်း အကြံပြုအပ်ပါသည်။ မြောင်းမြမြို့နယ်အနေဖြင့် TP-30754 ၊TP-21654 ၊ Komypearl ၊ YKQR-01 ၊ YQR-11 ၊ $LPD_{106}$B-101-2-1-1-1 ၊ $LPD_{206}$B-64-8-3-1-1-1) ၊ ဒဂုန်သွယ် ၊ ပြည်တော်ရင်၊ ရတနာတိုး မျိုးများမှာ နွေစပါးရာသီတွင်သာ စိုက်ပျိုးရန်သင့်ကြောင်းအကြံပြုအပ်ပါသည်။

# ကျေးဇူးတင်ပါသည်။

